အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁ အမှတ် ၅၇ ၁ မေ ၂၀၂၄

# "တော်လှန်ရေးအခြေအနေဟာ Tipping Point ကို ရောက်လာနေပါပြီ"

**ဧပြီ- ၂၀**




"ဒီနေ့ တော်လှန်ရေးမှာ ပါဝင်နေကြတဲ့ အနုပညာရှင်များဖြစ်တဲ့ ပြည်သူ့ဘက်တော်သား ရုပ်ရှင်နဲ့ ဗီဒီယိုသရုပ်ဆောင် ကိုမင်းမော်ကွန်း၊ ဒါရိုက်တာ သည်ခေတ်နေတို့နဲ့ တော်လှန်ရေး ဇာတ်ကားဖြစ်မြောက်ရေးအတွက် ဆွေးနွေးဖြစ်တယ်။

ဒီတော်လှန်ရေးမှာ လူတိုင်းက မိမိတို့ကျွမ်းကျင်ရာ ကျရာ အခန်းကဏ္ဍမှာ ပါဝင်နေကြသလို အနုပညာရှင်များကလည်း အနုပညာဘက်ကနေ အင်တိုက် အားတိုက် ပါဝင်ပေးလို့ အထူးလေးစား ဂုဏ်ယူရပါတယ်။ တော်လှန်ရေးရန်ပုံငွေ အတွက် ဒီဇာတ်ကားလေးထွက်လာကြရင်လည်း သြစတေးလျ နဲ့ နိုင်ငံတကာမှာရှိတဲ့ မိဘပြည်သူများအားလုံး ဝန်းရံအားပေး ကြပါဦးလို့ လေးစားစွာ တိုက်တွန်းလိုပါတယ်။ နိုင်ငံ တကာ ဘက်က မှတ်ချက်ပေးသလို အခု တော်လှန်ရေးအခြေအနေဟာ Tipping Point ကိုရောက်လာနေပါပြီ။ ဒီလို အရေးကြီးတဲ့ တော်လှန်ရေး အပြောင်းအလဲ အချိုးအကွေ့ကြီးမှာ အဆုံးသတ် ပြီး အဆုံးမှာလှနိုင်ဖို့ ကျွန်တော်တို့ အားလုံးအတူတူ ဆက်လက် ရုန်းကြပါစို့ လေးစားလျက်"

**- ခွန်းဗဟန်းထန် (ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG)**




မိဘပြည်သူများခင်ဗျာ…
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှုရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့တိုင်ကြားနိုင်ပါတယ်။

# ဧပြီလ ၁၆ ရက်နေ့မှ ၃၀ ရက်အတွင်း လူ့အခွင့်အရေးချိုးဖောက် ခံရမှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ




# ဧပြီလ ၁၆ ရက်နေ့မှ ၃၀ ရက်နေ့ထိ အကြမ်းဖက်စစ်အုပ်စု၏ တိုင်းနှင့် ပြည်နယ် အလိုက်လူ့အခွင့်အရေးချိုးဖောက်မှုများ




## “ထိုးကျွေးခံရတာတော့ စစ်မှုထမ်းခံရတဲ့ ရိုဟင်ဂျာတွေပါ”




“အဓမ္မစစ်မှုထမ်းခြင်းဥပဒေက တရားဥပဒေနဲ့လည်း မညီဘူး။ နောက်တခါ ဒါမျိုးအသုံးပြုမှုအပိုင်းမှာ လူငယ်တွေကို လူ့အခွင့်အရေး ချိုးဖောက်မှု၊ အန္တရာယ်ရှိတဲ့နေရာမှာ အသုံးချဖို့ဆိုတဲ့ ရည်ရွယ်ချက်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါကို အတိအလင်း ကန့်ကွက်ထားပြီးသား ဖြစ်ပါတယ်။ ဒါကလူသားမျိုးနွယ် တစ်ခုလုံးကို ထိခိုက်တဲ့ ရာဇဝတ်မှုအဆင့်အထိ ရောက်တယ်လို့ ပြောပြီးသားပါ။ အဲဒီနေရာမှာ ရိုဟင်ဂျာတွေအပေါ်မှာ ပိုမိုပြစ်မှတ်ထားမှု လုပ်ဆောင်တာတွေ တွေ့ရပါတယ်။ အဲဒါကတော့ ဘာလဲဆိုလို့ရှိရင် တော့ ရက္ခိုင်ဒေသမှာ အခုဆိုရင် စစ်ဘောင်တွေ ပိုပြီးကျယ်၊ စစ်ပွဲတွေ ပိုပြီးဖြစ်လာတယ်။ အကြမ်းဖက်စစ်အုပ်စုဘက်ကလည်း စစ်သားတွေက အစုလိုက်အပြုံလိုက် လက်နက်ချတာတွေ၊ သူတို့ကို အသစ်ဝင်တဲ့နေရာ မရှိတဲ့အတွက် အကျပ်အတည်းကြုံတွေ့နေ ရတယ်။ အဲဒီတော့ တခြားနေရာထက် လိုအပ်နေတာရှိသလို ရက္ခိုင်ဒေသမှာ ရိုဟင်ဂျာတွေကို ခုနကလို မက်လုံးပေးပြီး လုပ်ဆောင်မယ်ဆိုရင် သူတို့အတွက်က တခြား နိုင်ငံရေးအရ အမြတ်ထုတ်စရာလည်း ဖြစ်သွားနိုင်တယ်။ နဂိုကတည်းက ရှိထားပြီးသား ရက္ခိုင်နဲ့ ရိုဟင်ဂျာတွေအပေါ်မှာ လူမျိုးရေးအခြေခံတဲ့ မုန်းတီးမှုတွေကို သူတို့ ပြန်ပြီးတော့ လှုံ့ဆော်ဖို့အတွက် အကြောင်းရင်းတစ်ခု ဖြစ်သွားနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဖြစ်နေတဲ့ အခြေအနေကို ကြည့်မယ်ဆိုရင်တော့ ဒီလိုမျိုးတိုက်ပွဲတွေမှာ ရိုဟင်ဂျာတွေကို ဘာမှ သေသေချာချာ လေ့ကျင့်ပေးတာ မရှိဘဲနဲ့ အသေခံပြီးတော့ တိုက်ခိုင်းခြင်းကြောင့်မို့လို့ ရက်ရက်စက်စက် ဆိုးဝါးတဲ့ သေဆုံးမှုတွေ ဖြစ်လာတာ တွေ့ရပါတယ်။ တချိန်တည်းမှာတင် ဒါမျိုးတွေ့တဲ့ အလောင်းတွေ ပါဝင်မှုကြောင့် ရက္ခိုင်တွေက ဒါကို ပိုမိုပြီးတော့ ဒေါသထွက်တာ ရှိလာတယ်။ အမှန်တော့ စစ်ကောင်စီက ဒါကို သူတို့အနေနဲ့ နိုင်ငံရေးအမြတ်ထုတ်မှုအရ ရိုဟင်ဂျာတွေကို စစ်မှုထမ်းဖို့အတွက် လုပ်ဆောင်တဲ့သဘောသဘာဝဖြစ်တယ်။ အဲဒီတော့ ထိုးကျွေးခံရတာတော့ ဒီလိုမျိုး စစ်ပွဲတွေမှာ ပါဝင်ပြီးတော့ တိုက်ခိုက်ဖို့အတွက် စစ်မှုထမ်းခံရတဲ့ ရိုဟင်ဂျာတွေပါ။ နောက်ပြီးတော့ ပိုမိုပြီးတော့ စိတ်မကောင်းဖြစ်စရာပေါ့။ အရင်တုန်းကတော့ နိုင်ငံသားမဖြစ်ဘူးဆိုပြီး မောင်းထုတ်ခံရကာကနေ အခုဆိုရင်တော့ နိုင်ငံသားဖြစ်ချင်ရင် စစ်တပ်ထဲဝင်၊ မင်းတို့ကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုမယ်ဆိုတဲ့ မက်လုံးအောက်မှာ တချို့ကလည်း ယုံယုံကြည်ကြည်နဲ့ ပါဝင်နေတဲ့ အခြေအနေမျိုး ဖြစ် နေတာကို တွေ့ရပါတယ်”

- **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG)**

*(AA ၊ ရိုဟင်ဂျာနှင့် စစ်ကောင်စီအရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့မှုများ ၊ Human Rights Barometer – Episode 38 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ ထုတ်လွှင့်နေခြင်း ဖြစ်သည်။)*

## သံချပ်ဆိုတာ ကြောက်စရာ မဟုတ်... ချစ်စရာကောင်းတဲ့ အနုပညာ




"သကြၤန်သံချပ်တွေထဲမှာ NUG ကို ဝေဖန်ထောက်ပြမှုတွေကို မှတ်သားထားပါတယ်။ အားမလို အားမရမှုတွေ ပြည်သူတွေဆီကို ဖိတ်ခေါ်သံတွေ၊ ထိန်းကြောင်းဖို့ သတိပေးသံတွေကို အကုန်ကြားပါတယ်။ ပိုမိုလုပ်ဆောင်ရမယ့်အချက်တွေပါ။ သံချပ်ဆိုတာ ကြောက်စရာမဟုတ်ပါ။ ချစ်စရာကောင်းတဲ့ အနုပညာတရပ်ပါ"

- **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG)**

(၂၀၂၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ ၊ ဦးအောင်မျိုးမင်း ၏ လူမှုကွန်ယက်စာမျက်နှာမှ ကောက်နုတ်ချက်)

## မီဒီယာပေါ်မှ သတင်းစကား

# "ဒီကိစ္စတွေကို ဖန်တီးပေးနေတာက အကြမ်းဖက်စစ်ကောင်စီ"

**ဧပြီ - ၂၆**




"ရခိုင်ပြည်နယ်မှာ ယခုဖြစ်နေတဲ့ ရိုဟင်ဂျာတွေ ကြုံတွေ့ရတဲ့ ပြဿနာကတော့ အကြမ်းဖက်စစ်ကောင်စီက သူတို့ကိုအတင်း အကြပ် စစ်သားစုဆောင်းပြီးတော့ စစ်ဘောင်ကျယ်လာတဲ့ ပတ်ဝန်းကျင်မှာ သူတို့ကို အသုံးပြုနေကြတယ်။ တဘက်တည်း မှာလည်း ဒီလိုမျိုး ရိုဟင်ဂျာတွေကို တခြားသောအဖွဲ့တွေကလည်း လူမျိုးရေး၊ ဘာသာရေးသွတ်သွင်းမှုနဲ့ သူတို့တပ်ထဲကို ဝင်ပြီးတော့ တိုက်ခိုက်ခိုင်းတာ၊ ဒေသတွင်းမှာရှိနေတဲ့ တခြား လက်နက်ကိုင်အဖွဲ့အစည်းတွေကို ဆန့်ကျင်ခိုင်းတဲ့အဖြစ်မျိုး ဖြစ်နေတာတွေ တွေ့ရပါတယ်။ အဲဒီတော့ အဲဒီနေရာမှာ ကျနော်တို့ ကြည့်လိုက်မယ်ဆိုတော့ ရှုပ်ထွေးတဲ့သဘောမျိုး ရှိတယ်။ ဒါပေမဲ့ ရှင်းရှင်းလေးတစ်ခုကတော့ ဒီကိစ္စတွေကို ဖန်တီးပေးနေတာက အကြမ်းဖက်စစ်ကောင်စီပဲ ဖြစ်ပါတယ်"

- **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေး ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG)**

***(Voice of America – VOA သတင်းဌာနနှင့် တွေ့ဆုံမေးမြန်း ခန်းမှ ကောက်နုတ်ချက်)***

# "လူမျိုးသုဉ်းသတ်ဖြတ်မှုကို ဆက်လက်ကျူးလွန်ဖို့အတွက် လုပ်ဆောင်နေတာ"

**မေ ၂၅**

“လတ်တလော ဘူးသီးတောင်ရဲ့ အခြေအနေက ရခိုင်ပြည်နယ်ထဲမှာ အဆိုးဝါးဆုံးအခြေအနေလို့ ပြောလို့ရတယ်ပေါ့။ စစ်ကောင်စီကကျတော့ နှစ်လပိုင်းကနေစပြီးတော့ အခုအချိန်အထိ စစ်သားတွေ အတင်းအဓမ္မ စုဆောင်းမှုလုပ်ငန်းစဉ်တွေ စတင်လုပ်ဆောင်တဲ့နေရာမှာ ရိုဟင်ဂျာတွေအပေါ် ပိုပြီး သက်ရောက်မှုတွေ ရှိနိုင်တယ်ပေါ့နော်။ တခြားသော သတင်းအရင်းအမြစ်တွေ၊ အချို့သော မီဒီယာတွေကလည်း ဖော်ပြတဲ့ဟာတွေ ရှိတယ်ပေါ့။ တခြားသော ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့အစည်းတချို့ကလည်း စစ်တပ်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်နေတယ်ဆိုတဲ့ သတင်းအချက်အလက်တွေလည်း ရထားတာ ရှိတယ်ပေါ့။ ဆိုတော့ ဒီလိုအခြေအနေတွေ က နဂိုနလန်ထူခါစ ၂၀၁၇-၂၀၂၂ အဖြစ်အပျက်ကနေ နလန်ထူခါစ လူမျိုးစုနှစ်စုကြားမှာ တိုးတက်နေတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ လူမှုသဟဇာတဖြစ်မှုတွေအပေါ်မှာ များစွာ သက်ရောက်မှုတွေ ရှိနိုင်တယ်ပေါ့။ ဆိုတော့ စစ်ကောင်စီရဲ့ အဓိက ရည်ရွယ်ချက်ကတော့ နဂိုရှိတဲ့ စည်းလုံးမှု၊ ပေါင်းစည်းမှုကို ပြိုဖျက်နိုင်ရင် သူတို့အတွက် နိုင်ငံရေးအကျိုးအမြတ်ဖြစ်သလို စစ်ရေးအတွက် လည်း အကျိုးအမြတ်ဖြစ်တယ်။ အဲဒါကို အခုလို မရှုမလှ ရှုံးနိမ့်နေတဲ့အချိန်မှာ သူတို့အတွက် ထွက်ပေါက်က ဒီလူမျိုးရေး၊ ဘာသာ ရေးအသွင်သဏ္ဌာန်ဆောင်တဲ့ ပဋိပက္ခကို ဖန်တီးပေးလိုက်ရင် လူတွေက အာရုံကို အဲဒီဘက်ကို သွားလိုက်ပြီးတော့၊ အဲဒီဟာတွေနဲ့ အလုပ်ရှုပ်နေပြီးတော့ တကယ် သူတို့ကို တိုက်ခိုက်တဲ့ဟာတွေ လုပ်နိုင်မှာမဟုတ်ဘူးလို့ တွက်ဆထားပုံ ရတယ်။ ဒီဟာက အဓိက အာရုံစိုက်ရမယ့်ကိစ္စလည်း ဖြစ်သလို နှစ်ဦးနှစ်ဖက်မှာ ရှိတဲ့ ခေါင်းဆောင်တွေအနေနဲ့လည်း နိုင်ငံရေးအမျှော်အမြင်ရှိရှိ၊ အဓိက နွေဦးတော်လှန်ရေးကို အောင်မြင်အောင် အရှိန်အဟုန်မြှင့်ပြီး လုပ်တဲ့နေရာမှာ ဒါ အင်မတန်အရေးပါတယ်ပေါ့နော်။ ခြုံငုံပြီး ပြောရင်တော့ ဒီလိုဖြစ်ရပ်တွေ အားလုံးရဲ့ တရားခံသည် စစ်ကောင်စီသာ ဖြစ်တယ်ပေါ့နော်။ စစ်ကောင်စီက နှစ်ပေါင်း ၇၀ ကျော် ဖိနှိပ်လာခဲ့တဲ့ လူမျိုးစုတစ်စုကို အကျပ်ကိုင်လုပ်တယ်၊ နိုင်ငံရေးအရ အသုံးချတယ်၊ စစ်ရေးအရ အသုံးချတယ်ဆိုတာက မပြီးသပ် သေးတဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုကို ဆက်လက်ကျူးလွန်ဖို့အတွက် လုပ်ဆောင်နေတာ ဖြစ်တယ်”

**- ဦးအောင်ကျော်မိုး (ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ** ***(Myanmar Now သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းမှ ကောက်နုတ်ချက်)***




# ရိုဟင်ဂျာများအား စစ်ကောင်စီ လူသားဒိုင်းလုပ်မှု သတိချပ်ရန် ဒုဝန်ကြီး သတိပေး

**မေ ၂၂**



စစ်ကောင်စီက ရိုဟင်ဂျာတွေကို လူသားဒိုင်းသဖွယ် လုပ်ဆောင်နေတာကို သတိချပ်ဖို့ NUGလူ့အခွင့်ရေးဆိုင်ရာဒုဝန်ကြီး ဦးအောင်ကျော်မိုးက ဧပြီလအတွင်းမှာ အသိပေးပြောပါတယ်။

"စကစက ဒီလို အတင်းအကျပ် လုပ်ရပ်တို့ကို တုန့်ပြန်နိုင်တဲ့ အခြေအနေက ရိုဟင်ဂျာတွေဆီမှာ ရှိမနေဘူး။ ရိုဟင်ဂျာတွေအနေနဲ့ ဒီလိုစိန်ခေါ်မှု၊ အကျပ်အတည်းတွေ ရင်ဆိုင်နေရချိန်မှာ အကောင်းဆုံးကြိုးစားပြီ ဓမ္မဘက်က ရပ်တည်ဖို့ လိုပါတယ်။ စစ်ကောင်စီက ရိုဟင်ဂျာတွေကို နှစ်ပေါင်း ၇၀ ကျော် အသွင်သဏ္ဍာန်မျိုးစုံနဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုကို အဓိက ဦးဆောင်ကျူးလွန်ခဲ့ကြသူတွေဖြစ်ပြီး အခု စစ်ရှုံးပြေးစရာမရှိတော့မှ စာနာသလို လူသားဒိုင်းသဖွယ် လုပ်ဆောင်နေတာကို သတိချပ်ပါ" လို့ ဒုဝန်ကြီးက ဆိုပါတယ်။ ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများကို ပြည်သူ့စစ်အဖြစ် အတင်းအဓမ္မစုဆောင်းမှုများရှိနေပြီး အရပ်သားများကို ညှင်းပန်းဖမ်းဆီးမှုများလည်း ရှိနေပါတယ်။

## “နိုင်ငံတကာအနေနဲ့ ပျက်ကွက်နေဆဲ နှောင့်နှေးနေဆဲ ဖြစ်တယ်”

**ဧပြီ- ၂၀**

“နိုင်ငံတကာအနေနဲ့ အကြမ်းဖက် စစ်ကောင်စီက အကြိမ်ကြိမ် War crimes and Crimes against humanity ကို ကျူးလွန်နေပါလျက် ထိရောက်စွာ အရေးယူ ဆောင်ရွက်မှု ပျက်ကွက်နေဆဲ နှောင့်နှေးနေဆဲဖြစ်တယ်။ ကျူးလွန်ခံရတဲ့ မြန်မာပြည်သူ ပြည်သားအားလုံးအတွက် ထိရောက်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့ အတတ်နိုင်ဆုံး ဆက်လက်ကြိုးစားသွားပါ့မယ်။ ကျဆုံးသွားတဲ့ အပြစ်မဲ့ ပြည်သူ အယောက်စီတိုင်းကို အလေးပြုဦးညွှတ်ပါတယ်”

- **ခွန်းဗဟန်းထန် (ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ – NUG)**

## “ကြဲတဲ့ဗုံးကလည်း လူနာဆောင်တည့်တည့်ကို ကျသွားတာ”

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ တိုက်နယ် (၂) ရှိ ဝမ္မသူးဆေးရုံအား အကြမ်းဖက်စစ်အုပ်စုက ဧပြီ ၂၅ ရက်တွင် ပေါင် ၅၀၀ ဗုံး ခြောက်လုံးသုံး၍ လေကြောင်းမှ နှစ်ကြိမ်တိုက်ခဲ့ရာ လူနာဆောင်ပေါ်သို့ တိုက်ရိုက်ကျရောက်ခဲ့သည့်အတွက် ကုသမှုခံယူနေသည့် လူနာလေး ဦး သေဆုံးကာ ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်စစ်အုပ်စုက ယင်းနေ့ ညနေပိုင်းကတည်းက မင်းတပ်မြို့နယ်အား လေကြောင်း မှ အကြိမ်ကြိမ် တိုက်ခိုက်ခဲ့ပြီးနောက် ဆေးရုံအား ညပိုင်း ၈ နာရီဝန်းကျင်ခန့်တွင် ဦးတည်တိုက် ခိုက်ခဲ့ခြင်းဖြစ်ကာ ဆေးရုံလည်း ပျက်စီးခဲ့ရသည်။

“ညနေ(၄)နာရီခွဲဝန်းကျင်လောက်မှာ ဂျက်ဖိုက်တာနဲ့ တိုက်နယ် (၂)နေရာပဲ နေရာတစ်ခုကို ဂျက်ဖိုက်တာနဲ့ ဗုံးလာကြဲတယ်။

ပြီးတော့ Y12အမျိုးအစားလေယာဉ်နဲ့က (၅) ကြိမ် လာကြဲတယ်။ တခါကြဲရင် ဗုံးအလုံး (၁၀) လုံးကနေ (၁၁) (၁၂) (၁၅) လုံးအထိ ပါတယ်။ (၈) နာရီဝန်းကျင်မှာတော့ ဝမ္မသူးဆေးရုံကို ဗုံးကြဲတိုက်ခိုက်ခံရတယ်။ ဂျက်ဖိုက်တာနဲ့ (၂) ကြိမ် လာကြဲတယ်။ ကုသခံယူနေတဲ့လူနာ (၄) ဦး သေဆုံးတယ်။ (၁၅) ဦး ကျော် ဒဏ်ရာရတယ်။ ဆေးရုံကတော့ လုံးဝစုတ် ပြတ်သပ်သွားတာပေါ့။ အဓိကတော့ ဆေးရုံကိုပဲ တိုက်ခိုက်သွားတာ။ ကြဲတဲ့ဗုံးကလည်း လူနာဆောင်တည့်တည့်ကို ကျသွားတာ။ မင်းတပ်မြို့နယ်က တိုက်ပွဲမှမရှိဘဲ လေကြောင်းတိုက်ခိုက်မှုလုပ်တာ အကြိမ်ပေါင်းများစွာရှိနေပြီ။ အပြစ်မဲ့ပြည်သူတွေ သေဆုံးတာလည်း အရမ်းများနေပြီ။ အကြမ်း ဖက်စစ်အုပ်စုက စစ်ရာဇဝတ်မှု ကျူးလွန်မှုအပြင်ကို လူမျိုးတုံးသတ်ဖြတ်နေတယ်ပေါ့နော်။ ဒါက တိုက်ပွဲမဟုတ်ဘူးလေ။ ပြည်သူလူထုကို သပ်သပ်ကို တိုက်ခိုက်နေတဲ့ ပုံစံမျိုးကို ဖြစ်နေပြီ။ နောက်တစ်ခုက ပြည်သူဆေးရုံဆိုတာ အာဏာသိမ်းပြီးတဲ့ နောက်ပိုင်းမှာ CDMဆရာဝန်တွေနဲ့ မင်းတပ် ပအဖတွေအောက်ကနေ ကျန်းမာရေးဌာနတစ်ခု၊ လည်ပတ်နေတဲ့နေရာလေးတစ်ခု ဖြစ်တယ်။ မင်းတပ်မြို့တစ်နယ်လုံးတင် မဟုတ်ဘူး။ ချင်းပြည်နယ်တောင်ပိုင်း မတူပီ၊ ကန်ပက်လက်၊ ပလက်ဝက လူနာတွေအစ ကျွန်တော်တို့ ကုပေးတယ်။ ယောနယ်၊ ဆိပ်ဖြူနယ်တွေအထိ။ ပြီးရင် မြိုင်က လူနာတွေလည်း လာတယ်။ ယောနယ်တခွင်၊ အနောက်ဘက်ကပါ ပါတယ်။ ဒီ ဆုံးရှုံးမှုက မင်းတပ်မြို့နယ်တစ်ခုတည်း မဟုတ်ပဲနဲ့ တော်လှန်ရေးအင်အားစုတွေအတွက်ရော ပြည်သူလူထုအတွက် ကြီးမားတဲ့ဆုံးရှုံးမှု" -

**ဆလိုင်းဟာအွမ် (အတွင်းရေးမှူး၊ ဗဟိုကာကွယ်ရေးကော်မတီ၊ CDF မင်းတပ်)**

*ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ တိုက်နယ် (၂) ရှိ ဝမ္မသူးဆေးရုံအား အကြမ်းဖက်စစ်အုပ်စုက ဂျက်ဖိုက်တာသုံး၍ လေကြောင်းမှ ပေါင် (၁၅၀) ဗုံး ခြောက် ကြဲချတိုက်ခိုက်မှုဖြစ်စဉ်အတွင်း လူ လေးဦး သေဆုံးကာ (၁၅) ဦး ဒဏ်ရာရသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ CDF မင်းတပ် ဗဟိုကာကွယ်ရေး ကော်မတီအတွင်းရေးမှူး ဆလိုင်းဟာအွမ်အား ဆက်သွယ်မေးမြန်းခြင်း*

# စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

## ၄,၉၅၇ (၁,၇၀၀)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာလုမှုဖြစ်စဉ်အား ဆန့်ကျင်မှုကြောင့် ဖြစ်တည်လာသည့် နွေဦးတော်လှန်ရေးကာလအတွင်း ၂၀၂၄ ခုနှစ် ဧပြီ ၂၉ ရက်အထိ ဒီမိုကရေစီရေးလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၄,၉၅၇ ဦး သေဆုံးခဲ့သည်။ အတည်ပြုရန် လိုအပ်ကာ အမည်စုံစမ်းဆဲ သတ်ဖြတ်ခံရသူ ၁,၇၀၀ ဦး ဝန်းကျင်လည်း ရှိသည်။

## ၂၆,၅၇၈

အကြမ်းဖက်စစ်တပ်က အာဏာသိမ်းသည့်အချိန်မှ ၂၀၂၄ ခုနှစ် ဧပြီ ၂၉ ရက်အထိ နိုင်ငံရေး တက်ကြွလှုပ်ရှားသူနှင့် ပြည်သူစုစုပေါင်း ၂၆,၅၇၈ ဦးအား ထိန်းသိမ်းခဲ့ပြီး ၂၀,၃၆၅ ဦးမှာ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။ ယင်းအနက် ၈,၉၄၆ ဦးကို စစ်ကောင်စီလက်အောက်ခံ တရားရုံးများက မတရားပုဒ်မမျိုးစုံဖြင့် ထောင်ဒဏ် ချမှတ်ထားသည်။

## ၁၆၆ - ၄၃

စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့် နွေဦးတော်လှန်ရေးနှင့် ဆက်စပ်သည်ဟု စွပ်စွဲကာ စစ်ကောင်စီက သေဒဏ်ပေးသူပေါင်း ၁၆၆ ဦးအထိ ရှိသည်။ နွေဦးတော်လှန်ရေး လှုပ်ရှားမှုတွင် ပါဝင်မှုဖြင့် မျက်ကွယ်သေဒဏ် ချမှတ်ခံရသူများတွင် မျက်ကွယ်သေဒဏ်ချမှတ်ခံရသူ ၄၃ ဦး ပါဝင်ကာ ၁၂၃ ဦးမှာ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ ထိန်းသိမ်းခံထားရဆဲဖြစ်သည်။

## အခမ္မစစ်မှုထမ်း - အပတ်စဉ် (၂)

အကြမ်းဖက်စစ်အုပ်စုက အခမ္မ စစ်မှုထမ်းဥပဒေ အပတ်စဉ် (၂) အတွက် စာရင်းကောက်ခံမှုများ စတင်နေကာ စစ်မှုမထမ်းလို၍ တိမ်းရှောင်သူများအစား မိသားစုဝင်များအား ခေးစာခံဖမ်းဆီးမှုများအား တိုင်းနှင့် ပြည်နယ်အချို့၌ လုပ်ဆောင်လျက် ရှိသည်။

ပဲခူး၊ ရောဝတီနှင့် မန္တလေးတိုင်းတို့တွင်လည်း ယင်းဥပဒေအား အကြောင်းပြု၍ ငွေကြေးတောင်းခံမှုများအား အကြမ်းဖက်စစ်

## သံတွဲ (စား-ဆေး) ပြတ်

ရခိုင်ပြည်နယ်အတွင်း ရက္ခိုင့်တပ်တော်နှင့် အကြမ်းဖက်စစ်အုပ်စုအကြား ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူဦးရေ မြင့်တက်လျက်ရှိကာ စစ်အုပ်စုက သံတွဲမြို့နယ်အား ရေကြောင်း၊ ကုန်းကြောင်းမှ ပိတ်ဆို့ထားသည့်အတွက် အခြေခံ စားသောက်ကုန်နှင့် ဆေးဝါးများ ပြတ်လပ်ကာ ဒေသခံများအတွက်ပါ အခက်အခဲများ ဖြစ်ပေါ်စေလျက် ရှိသည်။

## ဝမ္မသူးဆေးရုံ - လေကြောင်း

အကြမ်းဖက်စစ်အုပ်စုက စစ်ရေးပစ်မှတ် မဟုတ်သော အရပ်သားပစ်မှတ်များကို တိုက်ခိုက်၍ စစ်ရာဇဝတ်မှုများ ဆက်တိုက်ကျူးလွန်လျက်ရှိရာ မေ ၂၅ ရက် ညပိုင်းက ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ ဝမ္မသူးဆေးရုံအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဆေးရုံတစ်ခုလုံး မီးလောင်ပျက်စီးသည့်အပြင် ဆေးကုသမှုခံယူနေသည့် အရပ်သားပြည်သူများလည်း သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

**ကိုးကား - AAPP**

